# အရွယ်ရောက်ခြင်းအက်ဥပဒေ

## [၁၈၇၅ ခုနှစ်၊ အိန္ဒိယအက်ဥပဒေအမှတ် ၉]

## (၁၈၇၅ ခုနှစ် ၊ ဇွန်လ ၂ ရက်)

၁။ * * * *

ခြွင်းချက်များ

၂။ ဤအက်ဥပဒေပါ မည်သည့်အချက်ကမျှ အောက်ပါတို့အပေါ် သက်ရောက်သည်ဟု မှတ်ယူခြင်း မရှိစေရ-

(က) ထိမ်းမြားလက်ထပ်ခြင်း၊ ဒိုဝါခန်းဝင်ပစ္စည်း၊ ကွာရှင်းခြင်းနှင့် မွေးစားခြင်း ဆောင်ရွက်ရန် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အရည်အချင်း၊

(ခ) ကိုးကွယ်သည့်ဘာသာ သို့မဟုတ် ဘာသာရေး ထုံးတမ်းစဉ်လာနှင့် လူတန်းစားတစ်ရပ်ရပ်၏ အလေ့အထများ။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် တရားဝင်အခြေချနေထိုင်သူများ၏အရွယ်ရောက်သည့် အသက်။

၃။ အထက်ပါဖော်ပြအချက်များကို အထောက်အထားပြု၍ အသက်ဆယ့်ရှစ်နှစ် မပြည့်သေးသော အရွယ်မရောက်သူ အသီးသီး၏ ကိုယ်အတွက်ဖြစ်စေ၊ ပစ္စည်းအတွက် ဖြစ်စေ၊ ကိုယ်နှင့်ပစ္စည်း နှစ်မျိုးလုံးအတွက်ဖြစ်စေ တရားမကျင့်ထုံး ဥပဒေအရ တရားစွဲဆိုမှု တစ်ခုအတွက် အုပ်ထိန်းသူမှတစ်ပါး တရားရုံးတစ်ရုံးရုံးက အုပ်ထိန်းသူ တစ်ဦးဦးခန့်အပ်ထားပြီးဖြစ်သော သို့မဟုတ် ခန့်ထားရမည်ဖြစ်သော သို့မဟုတ် အုပ်ထိန်းသူ မြွက်ဟကြေညာထားပြီးဖြစ်သော အရွယ်မရောက်သူ အသီးသီးကို အမွေ ဆက်ခံခြင်းအက်ဥပဒေ သို့မဟုတ် အခြားဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ထိုအရွယ်မရောက်သူ အသက်နှစ်ဆယ့်တစ်နှစ်ပြည့်ပြီးမှသာလျှင် အရွယ်ရောက်သူဟု မှတ်ယူရမည်။ ထိုသို့ မဟုတ်လျှင် မှတ်ယူခြင်း မပြုရ။

အထက်ဖော်ပြပါအချက်များကို အထောက်အထားပြု၍ ပြည်ထောင်စုမြန်မာ နိုင်ငံတွင် တရားဝင် အတည်တကျ နေထိုင်သူ အသီးသီးကို အသက် ဆယ့်ရှစ်နှစ်ပြည့်မှသာ အရွယ်ရောက်သူအဖြစ် မှတ်ယူရမည်။ ထိုသို့ မဟုတ်လျှင် မှတ်ယူခြင်း မပြုရ။

အရွယ်ရောက်သူ၏အသက်ကိုတွက်ချက်ခြင်း။

၄။ လူတစ်ဦးတစ်ယောက်၏ အသက်ကိုတွက်ချက်ရာတွင် ထိုသူမွေးဖွားသောနေ့ရက်ကို တစ်ရက်အဖြစ် ထည့်သွင်းတွက်ချက်ရန်နှင့် ထိုသူသည် ပုဒ်မ ၃ ၏ ပထမအပိုဒ် ဖော်ပြချက် တွင် အကျုံးဝင်လျှင် အသက် နှစ်ဆယ့်တစ်နှစ်ပြည့်သည့် နေ့မှစ၍ အရွယ်ရောက်သည်ဟု မှတ်ယူရမည်။ ထိုသူသည် ပုဒ်မ ၃ ၏ ဒုတိယအပိုဒ် ဖော်ပြချက်တွင် အကျုံးဝင်လျှင် အသက်ဆယ့်ရှစ်နှစ်ပြည့်သည့် နေ့မှစ၍ အရွယ်ရောက် သည်ဟု မှတ်ယူရမည်။

**ရှင်းလင်းချက်**

(က) Z သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ၁၉၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် မွေးဖွား၍ ၎င်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် တရားဝင် အတည်တကျ နေထိုင်ခွင့်ရှိသည်။ တရားရုံးက Z အတွက် အုပ်ထိန်းသူတစ်ဦး ခန့်အပ်ထားရှိသည်။ Z သည် ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် အရွယ်ရောက်သူအဖြစ် ရောက်ရှိသည်။

(ခ) Z သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ၁၉၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်တွင် မွေးဖွား၍ ၎င်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် တရားဝင် အတည်တကျ နေထိုင်ခွင့်ရှိသည်။ တရားရုံးက Z ၏ ပစ္စည်းအတွက် အုပ်ထိန်းသူတစ်ဦး ခန့်အပ် ထားရှိသည်။ Z သည် ၁၉၄၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင် အရွယ်ရောက်သူအဖြစ် ရောက်ရှိသည်။

(ဂ) Z သည် ၁၉၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် မွေးဖွားသည်။ Z သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် တရားဝင် အတည်တကျ နေထိုင်ခွင့် ရရှိသည်။ တရားရုံးက Z နှင့် ၎င်း၏ ပစ္စည်းအတွက် အုပ်ထိန်းသူ ခန့်အပ်ထားခြင်း မရှိပါ။ Z သည် ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် အရွယ်ရောက်သူအဖြစ်သို့ ရောက်ရှိသည်။